ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# **လူထုဗဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

**ကြံခင်းမြို့နယ်**

**၂၀၁၈ခုနှစ်** **တလိုင်းကွင်းကျေးရွာအုပ်စု၊ဇရပ်ကုန်းကျေးရွာ**

**မာတိကာ**


၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါ ဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။အစည်းအဝေးမှတ်တမ်းများ

၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁။မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှူးချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည်နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ပတော်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ကျေးရွာမြေပုံ(တည်နေရာ)




ဇရပ်ကုန်းကျေးရွာပြမြေပုံ

**၃။ အုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း**

တလိုင်းကွင်းကျေးရွာအုပ်စုတွင်

၁။တလိုင်းကွင်းကျေးရွာ

**၂။ဇရပ်ကုန်းကျေးရွာ**

၃။ကျွန်းစုကျေးရွာ

၄။မြောက်အင်တိုင်းကျေးရွာ

၅။ပန်းရုံစုကျေးရွာ

၆။ပေါက်တောကြီးကျေးရွာ

၇။အင်းတဲစုကျေးရွာ

၈။သပြေပင်ဇင်းကျေးရွာ

၉။အောင်မြင်ကိုင်းကျေးရွာ

၁၀။မန်ကျည်းပင်ကွင်းဒေါင့်ကျေးရွာ

တို့ပါဝင်ပါသည်။

## ၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

ဇရပ်ကုန်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ တလိုင်းကွင်းကျေးရွာ အုပ်စုအတွင်း တွင် တည်ရှိပါသည်။ အိမ်ခြေ (၇၅)ရှိပြီး၊ အမျိုးသား(၉၆)ဦး၊ အမျိုးသမီး (၁၀၉)ဦး တို့ နေထိုင် ကြပါသည်။

တလိုင်းကွင်းကျေးရွာသည် ကြံခင်း-မြန်အောင် မြို့ရှောင်လမ်းမှ လမ်းချိုးသို့ သွားသောအခါ အောင်မြင်ကိုင်းကျေးရွာ၊ ဇရပ်ကုန်းကျေးရွာနှင့် မကျည်းပင်ကွင်းဒေါင့် ကျေးရွာများသို့ ရောက်ရှိပါသည်။

ရွာ၏ဘေးတွင် ဖားတစ်ရှဉ်းချောင်း ရှိပါသည်။ မိုးတွင်းအခါတွင် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပြီး၊ ကျန်ကာလ များတွင် ရာသီအလိုက် သီးပင်စားပင်များကို စိုက်ပျိုးလုပ်ကိုင် ကြပါသည်။ အခုတ်လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။

ဇရပ်ကုန်းကျေးရွာသည် မူလတန်းပညာရေးကို အောင်မြင်ကိုင်းကျေးရွာ မူလတန်းကျောင်းတွင် လည်းကောင်း၊ အလယ်တန်း၊ အထက်တန်း ပညာရေးကို ကြံခင်းမြို့ရှိ စာသင် ကျောင်းများတွင် လည်းကောင်း သွားရောက် ပညာသင်ကြားကြပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု တွင် နီးစပ်ရာ မြို့နယ်၏ဆေးခန်း၊ဆေးရုံများတွင် သွားရောက်ဆေးကုသမှုခံယူကြရသည်။


ကျေးရွာသူ ကျေးရွာသားများ အားလုံးသည် ဗမာလူမျိုးများ ဖြစ်ကြပြီး၊ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | ၂၇.၉.၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၆ | ၄ | ၁၀ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂၇.၉.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၇ | ၈ | ၁၅ | - ရာသီဥတုၤစိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဉစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂၇.၉.၁၇ | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၇ | ၆ | ၁၃ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | ၂၇.၉.၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | ၇ | ၁၀ | ၁၇ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | ၂၇.၉.၁၇ | ကျေးရွာရှိအမျိုးသားနှင့် အမျိုးသမီးများ | ၆ | ၉ | ၁၅ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | ၂၇.၉.၁၇ | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၀ | ၇ | ၁၇ | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | ၂၇.၉.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၂၂ | ၂၅ | ၄၇ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | ၂၇.၉.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၂၂ | ၂၅ | ၄၇ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။<br>ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | ၂၇.၉.၁၇ | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | ၂၂ | ၂၅ | ၄၇ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(က)လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ**



လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ

**လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ(ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)**

ဇရပ်ကုန်းကျေးရွာသည် လယ်၊ ယာ၊ ကိုင်း၊ ချောင်းများကို မှီခိုပြီး အသက်မွေး ဝမ်းကျောင်း ပြုကြပါသည်။ အိမ်ခြေ(၇၅)အိမ် ရှိပြီး၊ အများစုမှာ နွမ်းပါးသူများ ဖြစ်ကြသည်ကို တွေ့ရသည်။ ကျေးရွာတွင် ကိုယ်ပိုင် မူလတန်းကျောင်း မရှိ၍ အောင်မြင်ကိုင်းကျေးရွာရှိ မူလတန်းကျောင်းသို့သွား ရောက်ပညာသင်ကြားရသည်။

ကျေးရွာမှာ ကြံခင်း - မြန်အောင် မြို့ရောင်လမ်းမှ လမ်းချိုးမှ (၁)မိုင်ခန့် ကွာဝေးသည်ကို တွေ့ရသည်။ ဖားတစ်ရှဉ်းချောင်းမှာ ကျေးရွာကို ကွေ့ပိုက်၍ စီးဆင်းသည်ကို တွေ့ရသည်။ ကျေးရွာတွင် ကိုယ်ပိုင် ကျေးလက်ဆေးပေးခန်း မရှိသော်လည်း ကြံခင်းမြို့နှင့် အလှမ်းမဝေးသော ကြောင့် ကြံခင်းမြို့သို့သွားရောက်၍ ဆေးကုသမှု ခံယူကြသည်ကို တွေ့ရသည်။

၂၀၁၆ခုနှစ် (ပထမနှစ်စက်ဝန်း)တွင် လူထုဗဟိုပြုစီမံကိန်း၏ ပံ့ပိုးမှုဖြင့် ရေကာတာ တုတ်ရိုက်ခြင်း လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စိုက်ပျိုးမြေ အရင်းအမြစ် နည်းပါးသောကြောင့် လက်လုပ်လက်စား များပြားသည်ကို တွေ့ရသည်။ ကျေးရွာလူထုအားလုံးမှာ ဗုဒ္ဓဘာသာ ၊ ဗမာလူမျိုးများ ဖြစ်ကြသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များမှာ-

- ရွာချင်းဆက်လမ်းများကောင်းမွန်ရန်
- အုပ်စုချင်းဆက်လမ်းများ ပိုမိုကောင်းမွန်ရန်
- အသက်မွေးဝမ်းကြောင်းအတွက် လက်မှုဆိုင်ရာ သင်တန်းများ ရရှိရန်
- ဂုံးတံတားဆောက်လုပ်ရန်

တို့လိုအပ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ခ)ရာသီခွင်ပြ ပြက္ခဒိန်




ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီခွင်ပြ ပြက္ခဒိန်( ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ကျေးရွာတွင် လယ်၊ ဝါးခြံ နှင့်ကိုင်း လုပ်ကိုင်ကြသော အိမ်ခြေများလည်း ရှိပြီး အိမ်ခြေ အများစုမှာ ကျပန်း လုပ်သားများလည်း ဖြစ်သည်။ ဝါဆို၊ ဝါခေါင်လ များတွင် မိုးသည်းထန်းစွာ ရွာ၍ လယ်ယာ လုပ် ငန်းများကို လုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုရသည်။

လယ်၊ ကိုင်း လုပ်ငန်းများနှင့် ကျပန်း လုပ်ငန်းများကို တစ်နှစ်ပတ်လုံး လုပ်ဆောင်ကြပြီး ဝင်ငွေ မှာလည်း တစ်နှစ်လုံး သင့်တင့်ကြောင်း တွေ့ရပါသည်။ လုပ်အားခလည်း အမျိုးသား နှင့်အမျိုးသမီး တန်းတူရရှိကြောင်း တွေ့ရှိရပါသည်။ သို့သော် အမျိုးသမီး အများစုမှာ အိမ်တွင်းမှု လုပ်ငန်းများနှင့် အချိန်ကုန် နေရသောကြောင့် အမျိုးသမီးတို့၏ဝင်ငွေ နည်းပါးသည်ကိုတွေ့ရသည်။


ရာသီအကူးအပြောင်း ကာလများတွင် ဖျားနာလေ့ရှိပြီး နယုန်၊ ဂါဆိုလများတွင် သွေးလွန် တုတ်ကွေး ရောဂါများ ဖြစ်ပွားမှုရှိသည်ကို တွေ့ရသည်။ ကျန်လများတွင် အများစုမှာ ကောင်းမွန် ကြသည်။

ပွဲတော်များ အနေဖြင့် သင်္ကြန်ပွဲတော်၊ ညောင်ရေသွန်းပွဲတော်၊ ဝါဆိုသင်္ကန်းကပ်ပွဲတော်၊ မီးထွန်းပွဲတော်၊ ကထိန်ပွဲတော်၊ ထမနဲပွဲတော်နှင့် အလှူပွဲများ ကျင်းပလေ့ရှိပါသည်။

တစ်နှစ်ပတ်လုံး ဝင်ငွေ သင့်တင့်သောကြောင့် အစားအစာလည်း ကောင်းမွန်ကြောင်း တွေ့ရှိ ရသည်။

### ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (၁)ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း




ဥစ္စာ ဓနအဆင့် သတ်မှတ်ခြင်း

**ဉစ္စာခေ အဆင့်သတ်မှတ်ခြင်း(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ကျေးရွာတွင် အိမ်ခြေ(၇၅)အိမ်ခြေရှိသည့်အနက် ချမ်းသာသောအိမ်ခြေ(၁၅)အိမ်၊အသင့်အတင့်အိမ်ခြေ(၁၅) အိမ်ခြေ၊ မပြေလည်သောအိမ်ခြေ(၂၀)အိမ်ခြေနှင့် နွမ်းပါးသော အိမ်ခြေ(၂၅)အိမ်ခြေ ရှိပါသည်။


နွမ်းပါးသော အိမ်ထောင်စုများမှာ ကျပန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ စက်ဘီး၊ဂါးအိမ်အသေး၊ကြက်တို့ကိုသာပိုင်ဆိုင်ကြပြီး ကလေးများအား ပညာရေးဆုံးခမ်းတိုင် အောင် မထားနိုင်ကြသည်ကို တွေ့ရသည်။

ပြေလည်သော အိမ်ခြေများမှာ (၁၅)အိမ်သာရှိပြီး နွား၊ကိုင်း၊ထွန်စက် စသော ပစ္စည်းများကို ပိုင်ဆိုင်ကြပြီး ကလေးများအား ပညာရေး ဆုံးခမ်းတိုင်အောင် ထားနိုင် ကြသည်ကို တွေ့ရသည်။ အများစုမှာ နွမ်းပါးသောအုပ်စုများ ဖြစ်သည်ကိုတွေ့ရသည်။

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲရာတွင် နွမ်းပါးသော အုပ်စုများ၏ အခက်အခဲများ၊ လိုအပ်ချက်များနှင့် အားလပ်ချိန်ကို အလေးထား၍ ဆောင်ရွက်ခဲ့ပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(ဃ)ပင့်ကူအိမ်သုံးသပ်ခြင်း**




ပင့်ကူအိမ်သုံးသပ်ခြင်း ပြပုံ

**ပင့်ကူအိမ်(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှု တို့တွင် အားသာမှုရှိကြောင်း တွေ့ရှိရပါသည်။

အုပ်ချုပ်ရေးပိုင်းနှင့် လုံခြုံမှုယုံကြည်မှုတို့တွင် အမျိုးသားများက သာလွန်ပြီး အမျိုးသမီးများ ပါဝင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။


ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ ပညာရေးလက်လှမ်းမှီမှုနှင့် အလုပ်ကိုင်ရှာဖွေမှုတို့တွင် အမျိုးသား၊အမျိုးသမီးကွာခြားချက်မှာ အနည်းငယ်သာရှိကြောင်းတွေ့ရသည်။


အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု လုပ်ငန်းများဖြင့်သာ အချိန်ကုန်းမခံပဲ အခြားကဏ္ဍများတွင်လည်း ပါဝင်နိုင်စေရန် ကြိုးပမ်းသင့်ကြောင်း သုံးသပ်မိပါသည်။

အမျိုးသမီးများသည် အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း၊ ဝင်ငွေရှာဖွေမှု နည်းပါးခြင်း၊ အမျိုးသမီးများ အနေဖြင့် အခြား ဝင်ငွေ ရရှိနိုင်ရန်အတွက် အိမ်တွင်းမှု အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ မရှိခြင်း။ ကျေးရွာတွင် အမျိုးသမီးများ သီးသန့် အသိအညာပေး ဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသော အလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူပေးခြင်း၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုး တိုးတက်လာနိုင်သည်ဟု သုံးသပ်မိပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(င)အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု**





အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှုပြပုံ


**အရင်းများအပေါ် ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင် ကြောင်းတွေ့ရှိရသည်။အပ်ချုပ်စက် ကိုသာအမျိုးသမီးများအသုံးပြုကြသည်ကိုသာတွေ့ရှိရသည်။လယ်ထွန်စက်၊ ထွန်၊ထယ်၊လှည်း ၊နွား များကိုသာအမျိုးသားများ သီးသန့်အသုံးပြုကြသည်။ဝါးခြံ၊လယ်၊ဝက်၊ ကိုင်း စသည့်အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံးအသုံးပြုကြသည်။ အမျိုးသားနှင့် အမျိုးသမီးများ အသုံးပြုသော အရင်းအမြစ် များမှာ အလွန်ပင်များပြားသည်။အရင်းအမြစ်များထိန်းချုပ်ခြင်း ၊ ဆုံးဖြတ်ချက်များချရာတွင်အများအားဖြင့်အမျိုးသာများက သာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက် ချခြင်းများကို ပြုလုပ်နေကြသည်။

အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန်ပင် နည်းပါးသည်။အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့် ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိပေလိမ့်မည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (စ) အဖွဲ့အစည်းချိတ်ဆက်ပြပုံ




အဖွဲ့အစည်းချိတ်ဆက်ပြပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့၊ အမျိုးသား၊ အမျိုးသမီးလူငယ်အဖွဲ့တို့သည် ကျေးရွာဖွံ့ဖြိုးရေးကို အဓိကဦးဆောင် လျက်ရှိသည်။

ဂေါပကအဖွဲ့၊ပရိတ်သင်းအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့၊ကျေးရွာမီးသတ်၊တို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး ကိစ္စများကို လုပ်ဆောင်ရွက်လျက်ရှိသည်။


ကျေးရွာတွင်းအုပ်ချုပ်ရေးအဖွဲ့သည် အုပ်စု၊မြို့နယ်အုပ်ချုပ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက် လျက်ရှိသည်။

လူထုဗဟိုပြုစီမံကိန်းကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်လည်း ကောင်း၊ ကျေးရွာမီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်နှင့်လည်းကောင်း အချင်းချင်း ချိတ်ဆက် ဆောင်ရွက်ကြသည်ကို တွေ့ရသည်။

အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် အချင်းချင်း ချိတ်ဆက် ဆောင်ရွက်လျက်ရှိ သည်ဟု သုံးသပ်မိပါ သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ)ကျေးရွာ၏ အခက်အခဲများနှင့် ပြဿနာများ




အခက်အခဲပြဿနာများ

**အခက်အခဲပြဿနာများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသားများ၊ အမျိုးသမီး အုပ်စုများမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကဖြစ်သော အခက်အခဲ ပြဿနာများကို တင်ပြရာ နှစ်စဉ် ရေကြီးရေလျှံခြင်းကြောင့် စိုက်ပျိုးမြေများ ရေနစ်မြုပ်ခြင်း ၊ရေကြီးနစ်မြုပ်ချိန်တွင် သောက်သုံးရေ ရှားပါးခြင်း၊ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် ငွေကြေးအရင်းအနှီး မရှိခြင်း၊ နေ့စဉ် ပုံမှန်ဝင်ငွေရရှိသော အလုပ်အကိုင်မရှိခြင်း၊ ရွာချင်းဆက်လမ်းများ မကောင်းခြင်းတို့ ဖြစ်သည်ကို တွေ့ရသည်။


အမျိုးသား အုပ်စုများ၏ အခက်အခဲများမှာ ကမ်းပါးပြိုခြင်း အခက်အခဲ၊ ငွေကြေးခက်ခဲခြင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ နည်းပညာ မရရှိခြင်း၊ စိုက်ပျိုးမြေများ ပြန်လည် ထူထောင်ရာတွင် အခက်အခဲ ရှိခြင်းတို့မှာ အဓိက အခက်အခဲများအဖြစ် ဖော်ထုတ်ခဲ့ကြသည်။

အမျိုးသမီးများမှ တင်ပြသော အခက်အခဲ ပြဿနာများမှာ ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အ၀ မရရှိခြင်း၊ ကလေးများ စာသင်ကျောင်းမရှိ၍ သွားလာရေးခက်ခဲခြင်း၊ ရင်းနှီးမြုပ်နှံရန် ငွေကြေးမရှိခြင်း များဖြစ်သည်ကို တင်ပြ ဆွေးနွေးထားသည်။

ဖော်ပြပါသော အခက်အခဲ ပြဿနာများမှ ကျေးရွာဖွံ့ဖြိုးရေးကို အဓိက ဟန့်တားနှောင့်ယှက်နေသော အခက်အခဲ ပြဿနာများ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(၈)ကျေးရွာ၏ မျှော်မှန်းချက်များ




မျှော်မှန်းချက်များ ပြပုံ

**ကျေးရွာမျှော်မှန်းချက်များ(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**


အမျိုးသား အုပ်စုများမှ တင်ပြသော မျှော်မှန်းချက်များမှာ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ရန် ၊ဆေးပေးခန်း ၊စာကြည့်တိုက်၊ မူလတန်းကျောင်း ဆောက်လုပ်ရန်၊ ကျေးရွာတစ်ခုလုံး လျှပ်စစ်မီး ရရှိရန်၊ သောက်သုံးရေ ဖူလုံရန်တို့ကို မျှော်မှန်းကြပါသည်။

အမျိုးသမီး အုပ်စုများ၏ တူညီသော မျှော်မှန်းချက် များမှာ စာကြည့်တိုက် ရရှိရန် ၊ဂုံးတံတား ရရှိရန် ၊သောက်သုံးရေကန်ရရှိရန်၊ ဆေးပေးခန်းရရှိရန်၊ ဘုန်းကြီးကျောင်း ဆောက်လုပ်ပြီးစီးရန်၊ လျှပ်စစ်မီး ရရှိရန်တို့ကို မျှော်မှန်းကြ ပါသည်။

အထက်ပါ မျှော်မှန်းချက်များမှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျသော မျှော်မှန်းချက်များ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဈ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ




ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြပုံ


## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

အမျိုးသား ၊အမျိုးသမီးတို့၏ တူညီသော ဦးစားပေး လုပ်ငန်းများမှာ (၁) ဂုံးတံတား ဆောက်လုပ်ခြင်း၊ (၂) ရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်း၊ (၃) စက်ရေတွင်း၊ ရေစင် ၊ ရေပိုက် ၊(၄) စာကြည့်တိုက်၊ (၅) မူလတန်းကျောင်း၊ (၆) ဆေးပေးခန်းတို့ဖြစ်ကြပါသည်။

နောင်လာမည့် (၃)နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး လုပ်ငန်းများ ဖော်ထုတ်ရာတွင် ဘုန်းကြီးကျောင်းအား သံဇကာ ခြံစည်းရိုး ကာရန်၊ နှင့် လျှပ်စစ်မီးရရှိရန် တို့သည် အမျိုးသား၊ အမျိုးသမီး တို့၏တူညီသော လိုအပ်ချက် များဖြစ်သည်ကို လည်း တွေ့ရပါသည်။

အထက်ဖော်ပြပါ ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ဇရပ်ကုန်း ကျေးရွာ၏ အမှန်တကယ် လိုအပ်သော လုပ်ငန်းများ ဖြစ်သည်ဟု သုံးသပ်မိပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း**




ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း

**၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ**



ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



## ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု ၊ ဘကျိုင်းကွင်း　　　　ကျေးရွာ ၊ အရပ်ကုန်း

စတင်ဖွဲ့စည်းသည့်ရက်စွဲ ၊ ၂ ၊ ၉ ၊ ၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးဖော်ဒင်ဝင်း | 09.424458305 | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်မိဘသန္တာ | | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသိန်းအောင် | | |
| ၄ | | အဖွဲ့ဝင် | ဒေါ်နန်းယုနိုင် | | |
| ၅ | | အဖွဲ့ဝင် | ဦးရဲထွန်း | 09-786316385 | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ကြည်ရွှေ | | |
| ၇ | | အဖွဲ့ဝင် | ဦးဇော်ဝင်းလေး | 09.31448935 | |
| ၈ | | အဖွဲ့ဝင် | ဦးမျိုးဝင်း | 09-968873339 | |
| ၉ | လည်ပတ်ရေး နှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ခင်မြင့် | 09.422458305 | |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်ယုယုနိုင် | | |
| ၁၁ | | အဖွဲ့ဝင် | ဦးဝင်းမိုလ် | 09.796998156 | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်ဆိုဆိုမော် | 09-254990886 | |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးတင်လှိုင် | | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ခင်ဆွေး | 09-36304040 | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးသိန်းဝင်း | | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ဇေးသီတာ | | |

**<u>တာဝန်ကျဝန်ထမ်းများ</u>**

- လူထုစည်းရုံးရေးမှူး　　- ဒေါ်ကြည်အလင်း ၊ ဒေါ်ခင်မြတ်နိုး
- လက်ထောက်နည်းပညာမှူး　　- ဒေါ်ခင်နှင်းဆွေ

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ခင်မြတ်မွန် |
|---|---|---|---|---|
| မြည်နယ်၊တိုင်းဒေသကြီး ရေလာ | မြို့နယ် ကျွဲခင်း | ကျေးရွာအုပ်စု ဂကလိုင်းကွင်း | | ကျေးရွာ တာပဲကုန်း |

ကား လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၇၅ | ဘာသာ (၁) ဗုဒ္ဓ | ၇၅ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | မရှိ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ၄ ၊ မ - ၇ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၉၆ | ၁၀၉ |
| လူမျိုးစု (၁)----------- | | |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အိမ်ထောင်ဦးစီး | ၆၇ | ၈ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် [illegible] | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဝပဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ၂၀၀၇ နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၄င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၄င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ငလျင်၊ ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

\\

(၆) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဝင်ပိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------------

(၂) ------------------------------------

ကြည်ဝင်း

ကျေးရွာခေါင်းဆောင် အမည် ဦးသိန်းလှိုင် (က/စ) ဦးကြည်ဝင်း (ဂုဏ်မိ/ဘ)

လက်မှတ် နေ့စွဲ ၂၇.၉.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်မြတ်မွန်

လက်မှတ် နေ့စွဲ ၂၇.၉.၂၀၁၇

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | |
|---|---|---|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်ကြဒ်ဂလင်း ၊ ဒေါ်ဂျင်မြတ်မွန် | | | | | |
| နေ့စွဲ ၂၇ . ၉ . ၂၀၁၇. | | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | | ကျေးရွာအုပ်စု ဇလိုင်းကွင်း | | ကျေးရွာ အုပ်ကုန်း | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၇.၉.၁၇ | ၂၇.၉.၁၇. | ၂၂ | ၂၅ | ၄၇ | - |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၇.၉.၁၇ | ၂၇.၉.၁၇. | ၂၂ | ၂၅ | ၄၇ | - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | - |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | .. | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

## လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးတားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | |
|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မြတ်မွန်၊ ဒေါ်ကြည်ဇာလင်း | |
| နေ့စွဲ ၂၇.၉.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ✓ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ~~မြို့နယ်~~/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း ကျေးရွာအုပ်စု ကလိုင်းကွင်း ကျေးရွာ ဇရပ်ကုန်း |

ကဲ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ၁ | သဘာဝဘေးကြောင့် စိုက်ပျိုးမြေများ ဆုံးရှုံးခြင်း |
| ၂ | ကမ်းပါးပြိုခြင်း အခက်အခဲ | ၂ | ကျန်းမာရေး စောင့်ရှောက်မှု မပြည့်မဝ မရရှိခြင်း |
| ၃ | စိုက်ပျိုးမြေများ နှစ်စဉ်ရေမြုပ်ခြင်း | ၃ | စာသင်ကျောင်းမရှိခြင်းကြောင့် ကလေးများ ပို့ဆောင်မှု ခက်ခဲခြင်း |
| ၄ | ရေကြီးနစ်မြုပ်ချိန်တွင် သောက်သုံးရေ ရှားပါးခြင်း | ၄ | သောက်သုံးရေ အခက်အခဲ ရှိခြင်း |
| ၅ | လျှပ်စစ်မီး မရရှိခြင်း | ၅ | လျှပ်စစ်မီး မရှိခြင်း |
| ၆ | | ၆ | ရင်းနှီးမြှုပ်နှံရန် ငွေကြေး မရှိခြင်း |
| ၇ | | ၇ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | တစ်ရွာလုံး လျှပ်စစ်မီး ရရှိရန် | ၁ | မှည်းကူးတံတား ရရှိရန်<br>ဂိုးတံတား ရရှိရန် |
| ၂ | တစ်ရွာလုံး သောက်သုံးရေ ဖူလုံရန် | ၂ | ရွာတွင်းလမ်း ကျောက်ချောလမ်း ဖြစ်ရန် |
| ၃ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် | ၃ | သောက်သုံးရေကန် ရရှိရန် |
| ၄ | ဆေးပေးခန်း ရရှိရန် | ၄ | ဆေးပေးခန်း ရရှိရန် |
| ၅ | စာကြည့်တိုက် ဆောက်လုပ်ရန် | ၅ | စာကြည့်တိုက် ရရှိရန် |
| ၆ | မူလတန်းကျောင်း ရရှိရန် | ၆ | ဘုန်းကြီးကျောင်း ဆောက်လုပ်ပြီးစီးရန် |
| ၇ | | ၇ | တစ်ရွာလုံး လျှပ်စစ်မီး လင်းရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ဂုံးတံတား | အမျိုးသား + အမျိုးသမီး | ၇၀ သိန်း | ၂၀၅ |
| ၂ | ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | အမျိုးသား + အမျိုးသမီး | ၃၅ သိန်း | ၂၀၅ |
| ၃ | စက်ရေတွင်း၊ ရေစင်၊ ရေပိုက် | အမျိုးသား + အမျိုးသမီး | ၇၀ သိန်း | ၂၀၅ |
| ၄ | ကျေးရွာစာကြည့်တိုက် | အမျိုးသား + အမျိုးသမီး | ၅၀ သိန်း | ၂၀၅ |
| ၅ | မူလတန်းကျောင်း | အမျိုးသား + အမျိုးသမီး | ၂၀၀ သိန်း | ၂၀၅ |
| ၆ | ဈေးပေးခန်း | အမျိုးသား + အမျိုးသမီး | ၇၀ သိန်း | ၂၀၅ |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | သံဃာ ဖြစ်ဆည်းကိုး (ဘုန်းကြီးကျောင်း) | အမျိုးသား + အမျိုးသမီး | |
| ၂ | လျှပ်စစ်မီး | အမျိုးသား + အမျိုးသမီး | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဉက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ ၂၇-၉-၂၀၂၇

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အရိုပ်ပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။) |

| | | | |
|---|---|---|---|
| ကျေးရွာညည်းခံရာရွှေ/ပန်ထမ်းအမည် ဒေါ်ခင်နှင်းဝေ ၊ ဒေါ်ကြည်ဆလင်၊ | | | |
| နေ့စွဲ ၃ . ၁ . ၁၈ | | စက်လည်အားအမှတ်ခြစ်ပေးပါ။(✓) ☐စက်လန်း(၁) ☐စက်လန်း(၂) ☑စက်လန်း(၃) ☐စက်လန်း(၄) | |
| ပြည်နယ်/တိုင်း မကွေးတိုင်း | မြို့နယ် ကြခင်း | ကျေးရွာအုပ်စု ကလိုင်းကျွန်း၊ | |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ရန်ပုံငွေ တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ရန်ပုံငွေကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဇရပ်ကုန်း | တံတား | ၂၃'x၁၁'x ၈'.၆" | ၂၀၅ | ☐ ကျား<br>☐ မ<br>☑ ကျား + မ | ၇၂.၅ သိန်း | | – | | ၇၂.၅ သိန်း |
| မကျည်းပင်ကွင်းဆိပ် | ဘက်စုံသုံးခန်းမ | ၃၀'x၂၀'x ၁၀' | ၈၅ | ☐ ကျား<br>☐ မ<br>☑ ကျား + မ | ၇၀ သိန်း | | | | ၇၀ သိန်း |
| နားခါးတဲစု | ဘက်စုံသုံးခန်းမ | ၃၀'x၂၀'x ၁၀' | ၈၆ | ☐ ကျား<br>☐ မ<br>☑ ကျား + မ | ၇၈.၅ သိန်း | | | | ၇၈.၅ သိန်း |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား + မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား + မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးကြည်နီ [signature] ၈ · ၁ · ၂၀၁၈

ဒေါ်မြင့်ဦး [signature] ၈ · ၁ · ၂၀၁၈

## အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ တလိုင်းကွင်းအုပ်စု ၊ ဇရပ်ကုန်းကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

ဇရပ်ကုန်းကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၇.၉.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီတွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ အား အဖွင့်အမှာစကားပြောကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင်ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော် ထုတ်နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့်အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင်အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအားပိတ်သိမ်းခဲ့ သည်။

*************************************************

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

## ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ငြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁. | ဂုံးတံတား. | ကျား / မ | ၂၀၁၈. | ကျေးရွာလူထု. | CDD. |
| | ၂. | ဆက်ရေတွင်း၊ ရေစင်၊ ရေပိုက်. | ကျား / မ. | ၂၀၁၉ | " | |
| | ၃ | တာကြည့်တိုက်. | ကျား / မ | | | |
| | | | | | | |
| | | | | | | |
| စီးပွားရေးနှင့် ဝင်ငွေတိုးပွားရေး | ၄. | စိုက်ပျိုးရေး၊ မွေးမြူရေး. | ကျား / မ. | ၂၀၂၀. | " | ကျေးလက်ဖွံ့ဖြိုးရေး. |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်လူမှုရေး | ၅. | ဆေးပေးခန်း. | ကျား / မ. | ၂၀၂၁ | " | ကျန်းမာရေးဌာန. |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၆. | မူလတန်းကျောင်း. | ကျား / မ. | | " | ပညာရေးဌာန. |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၇. | သင်္ချိုင်း ခြံစည်းရိုး (ဘုန်းကြီးကျောင်း) | မ. | ၂၀၂၀. | " | |
| | ၈. | လျှပ်စစ်မီး. | မ. | ၂၀၂၂ | " | EPC. |
| | ၉. | ရွာတွင်းလမ်းချောင်းကျောက်ခင်း(မြင်). | ကျား / မ | ၂၀၂၃. | " | ကျေးလက်ဖွံ့ဖြိုးရေး |
| | | | | | | |
| | | | | | | |